# အသိပေးကြေညာချက်

**COVID-19 ရောဂါကာကွယ် ကုသရေးနှင့် သက်ဆိုင်သော**

**ကျန်းမာရေး အထောက်အကူပြု အစားအသောက်များ**

**ဆရာဝန်ညွှန်ကြားချက် မလိုသော ဆေးဝါးများနှင့်**

**ပတ်သက်၍ ယာယီဖြေလျှော့မှု**

၁။ COVID-19 ရောဂါကာကွယ်ကုသရေးနှင့် သက်ဆိုင်သော အောက်ပါ ကျန်းမာရေးအထောက်အကူပြု အစားအသောက်များနှင့် ဆရာဝန်ညွှန်ကြားချက်မလိုသော ဆေးဝါးများကို တစ်မျိုးခြင်းအလိုက် ဖြစ်စေ၊ အောက်ပါ အမျိုးအမည်များသာ ပူးပေါင်းပါဝင်သည့် အမျိုးအမည်ကိုဖြစ်စေ သွင်းကုန်ထောက်ခံချက် လျှောက်ထားခြင်းမှ ယာယီကင်းလွတ်ခွင့်ပြု လိုက်သည်။ သို့သော် အသက် (၂) နှစ်အောက် ကလေးငယ်များအတွက် ရည်ရွယ်ဖော်စပ် ထုတ်လုပ်ထားသော အစားအသောက်အမျိုးအမည်များ မပါဝင်ပါ။

(က) Vitamin C

(ခ) Vitamin D

(ဂ) Vitamin K

(ဃ) Zinc

၂။ ယာယီကင်းလွတ်ခွင့်ပြုသည့် ကျန်းမာရေးအထောက်အကူပြု အစားအသောက်များနှင့် ဆရာဝန် ညွှန်ကြားချက် မလိုသည့် ဆေးဝါးများကို တင်သွင်းမည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ လုပ်ငန်း၊ ကုမ္ပဏီများအနေဖြင့် မိမိတို့ တင်သွင်းမည့် အစားအသောက်များ၏ ဘေးအန္တရာယ် ကင်းရှင်းမှုနှင့် အရည်အသွေးကို အပြည့်အဝ တာဝန်ယူရမည်ဖြစ်ပြီး အောက်ပါ မှတ်တမ်းအထောက်အထားများကို လက်ဝယ်ရယူ မှတ်တမ်းထားရှိရမည်။

(က) တင်သွင်းမည့် စားသောက်ကုန်၏ အသေးစိတ်သတ်မှတ်ချက်များ(Specification)/ အသိအမှတ်ပြု ဓာတ်ခွဲခန်း တစ်ခုခု၏ ဓာတ်ခွဲအဖြေ( Certificate of analysis)

(ခ) တင်သွင်းနိုင်ငံ၏ သက်ဆိုင်ရာ အဖွဲ့အစည်းမှ စိစစ်ထုတ်ပေးသော ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လက်မှတ်များ (Certificate of GMP, HACCP, ISO22000, etc.)

(ဂ) တင်သွင်းခဲ့သည့် ပမာဏနှင့် မြန်မာနိုင်ငံအတွင်း ဖြန့်ဖြူးခဲ့သည့် နေရာများ၊

၃။ အဆိုပါ မှတ်တမ်း အထောက်အထားများကို လိုအပ်၍တောင်းခံပါက ပြည့်စုံမှန်ကန်စွာ တင်ပြရမည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန